
# မင်းမြတ်သူရ

## နတ်ဘုရား မျက်လုံး



ကျွန်ုပ်တို့မိသားစုသည် မြန်မာပြည်တောင်ဘက်စွန်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ကလေး၌ နေထိုင်ကြပြီး မိခင်သည် မျိုးရိုးစဉ်ဆက် ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သူဖြစ် ၏။

ဖခင်မှာမူ အဘိုးဖြစ်သူ၏ ခြေရာကိုနင်းပြီး မျိုးရိုးစဉ်ဆက် ပင်လယ်ပျော်သင်္ဘောသား တစ်ဦး ဖြစ်ခဲ့၏။

ဖခင်သည် မိခင်၏ မိဘများ ပိုင်ဆိုင်သော သင်္ဘော၌ မာလိန်မှူးအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း မိခင်နှင့် အကြောင်းပါခဲ့၏။

ကျွန်ုပ်၏ မိဘနှစ်ပါး ပေါင်းဖက်ပြီးနောက် စီးပွားရေးလုပ်ငန်းများကို ဒိုးတူပေါင်ဖက် လုပ်ကိုင်ခဲ့ရာ အိမ်ထောင်သက် (၁၀)နှစ်အတွင်း ရွက်လှေကြီးသုံးစီးကို ပိုင်ဆိုင်ခဲ့၏။

ဤသို့ မိဘများ၏ စီးပွားရေး ရွှေရောင်လွှမ်းသော ကာလမှ နှစ်အနည်းငယ်ကြာသောအခါ ကံဆိုးမိုးမှောင်ကျသောအချိန်သို့ ရောက်ရှိခဲ့၏။ ကျွန်ုပ်တို့ မိသားစုပိုင် မိုးနဂါးရွက်လှေကြီးသည် ပသျှူးကျွန်းဆွယ်မှအပြန် ပင်လယ်ပြင်၌ မုန်တိုင်းမိပြီး နစ်မြုပ်သွားလေ၏။

မိုးနဂါးသင်္ဘောနှင့်အတူ ကျွန်ုပ်တို့မိသားစုပိုင်စည်းစိမ်ဥစ္စာများလည်း ဆုံးရှုံးသွားလေရာ မိခင်သည် နှမြောတသစိတ်ဖြင့် အိပ်ရာထဲ၌ ဗုန်းဗုန်းလဲလေ၏။

နောက်ဆုံး၌ ထိုစိတ်နှင့်ပင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားရရှာ၏။

ကျွန်ုပ်လည်း ထိုအချိန်မှစ၍ မိတဆိုးဘဝသို့ ရောက်ရှိခဲ့ပြီး

ဖခင်သည်သာအဖ ဖခင်သည်သာအမိ ဖြစ်ခဲ့၏ ။

ကျွန်ုပ်သည် မက်ထရစ်တန်းအောင်မြင်ပြီးနောက် ဖခင်နှင့်အတူ ပင်လယ်ပြင်သို့ လိုက်ပါပြီး ပင်လယ်ရေကြောင်းအတတ်ကို သင်ယူခဲ့လေ၏ ။

ကျွန်ုပ်သည် ပင်လယ်ပြင်၌ စွန့်စားသွားလာရေးကို လွန်စွာပျော်ရွှင်လေ၏ ။

ဖခင်သည် မိခင်ဆုံးပါးသွားပြီးနောက် နှစ်ပေါင်းများစွာ အထီးကျန်နေလာပြီးမှ ဆိပ်ကမ်း၌ ပုတီးရောင်းသော ထွေးထွေးဆိုသည့် မိန်းကလေးနှင့် ငြိစွန်းခဲ့လေ၏ ။

ထွေးထွေးသည် ဖခင်ထက် အသက်များစွာ ငယ်ရွယ်ပြီး ဆင်းရဲနွမ်းပါးသော မိသားစုမှ မွေးဖွားလာ၏ ။

ထွေးထွေးသည် ဖခင်ကို ငွေမျက်နှာတစ်ခုတည်းဖြင့် လက်ထပ်ခဲ့ပုံရ၏ ။

ကျွန်ုပ်သည် ထွေးထွေးကို နှစ်သက်ခြင်း မရှိသောလည်း ဖခင်၏ သဘောဆန္ဒကို မပယ်ရှား လိုသဖြင့် ရေငုံနှုတ်ပိတ်နေခဲ့၏ ။

ဤသို့ဖြင့် ထွေးထွေးသည် ဖခင်နှင့် လက်ထပ်ပြီး ကျွန်ုပ်တို့ အိမ်ကြီးပေါ်သို့ ရောက်ရှိလာ၏ ။

ကျွန်ုပ်သည် ထွေးထွေးရောက်ရှိသည့် အချိန်မှစ၍ စိတ်ဆင်းရဲခြင်း ကြီးစွာဖြင့် နေထိုင်ခဲ့ရ၏

ထွေးထွေး၏ စိတ်သဘောထား ယုတ်ညံ့သော မိန်းမတစ်ယောက်ဖြစ်၏ ။

သူမသည် ဖခင်၏ ကွယ်ရာ၌ ကျွန်ုပ်ကို မထိတထိ ဆက်ဆံ၏ ။ အိမ်ထောင်ရေးဖောက်ပြန်သော အပြုအမူကို ကျူးလွန်၏ ။

ကျွန်ုပ်သည် ထွေးထွေးကဲ့သို့ တဏှာရာဂကြီးသော မိန်းမကို ရွံမုန်း၏ ။

သူမနှင့်အတူနေထိုင်ရခြင်းကို လွန်စွာစိတ်မသက်မသာ ခံစားရ၏။

ထို့ကြောင့် သူမနှင့်ဝေးရာ ပင်လယ်ပြင်သို့ စွန့်စားသွားလာရန် ဆုံးဖြတ်လိုက်၏။

ကျွန်ုပ်သည် ဖခင်ကို ခွင့်ပန်ပြီး ရွက်လှေကြီးတစ်စီးဖြင့် ပင်လယ်ပြင်၌ စွန့်စားသွားလာခဲ့၏။

ထို့သို့ စွန့်စားသွားလာရင်း စင်ကာပူ၊ မလေးရှား၊ ဘော်နီယို အစရှိသော အရပ်များသို့ ကုန်ကူးသန်းရောင်းဝယ်ခဲ့၏။

ကျွန်ုပ်သည် ပဿျူးကျွန်းဆွယ်သို့ အဓိကထားပြီး ကုန်ကူးသန်းရောင်းဝယ်ခဲ့၏။

ကျွန်ုပ်တို့ခေတ်က ပင်လယ်ပြင်သွားလာသော သင်္ဘောများ၌ စက်ဖြင့်သွားလာသော သင်္ဘောများရှိသော်လည်း ရွက်လွှင့်သွားလာသော သင်္ဘောများသာ များပြား၏။

ကျွန်ုပ်၏ သင်္ဘော၌ ရွက်တိုင်သုံးတိုင်ပါရှိပြီး ရွက်ကြိုးအမြောက်အမြားလည်း ပါရှိ၏။

ကျွန်ုပ်တို့ရွက်သင်္ဘော၏ အုပ်ချုပ်သူ ဘိုဆင်အဖြစ် ဗလဆိုသော လူသန်ကြီးတစ်ဦးကို ခန့်အပ်ထား၏။

ဗလသည် နာမည်နှင့် လိုက်ဖက်အောင် သန်မာသူဖြစ်ပြီး သင်္ဘောသားလူကြမ်းများကို ကြောက်ရွံ့အောင် နှိပ်ကွပ်ထားသူဖြစ်၏။

ဗလကြီးသည် သူ၏ ကိုယ်ခန္ဓာအပေါ်ပိုင်းကို အမြဲလိုလို ဗလာကျင်းထားပြီး ခါး၌ ကြာပွတ်တစ်ချောင်းကို ချိတ်ဆွဲထား၏။

ဗလကြီးသည် သင်္ဘောသားများအား မည်သည့်ရွက်ကိုတင်၍ မည်သည့်ရွက်ကို ချရမည်ကို အော်ဟစ်ခိုင်းစေရ၏။

သင်္ဘောသားများ အမိန့်မနာခံလျှင် ဗလကြီးက လွန်စွာဟိန်းသော အသံကြီးဖြင့် ...

"မင်းတို့ ငါ့အမိန့်ကို မနာခံဘူးဆိုရင် ဘယ်သူ့အမိန့်ကို နာခံမှာလဲ၊ ဘိုဆင်ဆိုတာ သင်္ဘောပေါ်မှာ မာလိန်မှူးကြီးပြီး အကြီးဆုံးကွ၊ ပါးစပ်နဲ့ပြောမရရင် ငါ့ခါးကြားမှာ ချိတ်ထားတဲ့ ကြာပွတ်ကို ကြည့်ထား"

ဟု ကြိမ်းမောင်းလေ၏။ သူ၏ ကြိမ်းမောင်းမှုကို မနာခံသော မိုက်ရူးရဲသင်္ဘောသားများနှင့် တွေ့လျှင်လည်း ...

"မင်းတို့ကက ငါ့သတ္တိကို စမ်းချင်တယ်ပေ့ါ၊ ပင်လယ်ထဲရောက်မှ သတ္တိပြကြမယ်၊ ပင်လယ်ကမ်းစပ်က ၁၂ မိုင်ကျော်ရင် ဘယ်နိုင်ငံရဲ့ဥပဒေနဲ့မှ အကျုံးမဝင်ဘူးကွ၊ အဲဒီ တော့မှ မင်းတို့ကို ကုပ်ကနေကိုင်ပြီး ပင်လယ်ထဲ ပစ်ချလိုက်မယ်"

ဟု ကြုံးဝါးလေ့ရှိ၏။ ကျွန်ုပ်တို့ သင်္ဘော၏ မာလိန်မှူးကြီးမှ ဦးဘသိုက် ဆိုသော လူကြီးဖြစ်၏။

ဦးဘသိုက်သည် ငယ်စဉ်က ပင်လယ်ဓါးပြကြီးဖြစ်သဖြင့် ကျွန်ုပ်သင်္ဘောထွက်သောအခါ ပင်လယ်ဓားပြထုံးစံအတိုင်း သင်္ဘောထွက်၏ ဦးဘသိုက်သည် သင်္ဘောမထွက်မီ သင်္ဘောဦး၌ မတ်တတ်ရပ်၍ အရက်အိုးလေးတစ်လုံးကို ကုန်အောင်သောက်၏။

အရက်သောက်ပြီးသောအခါ တစ်လုံးထိုးသေနတ်ဖြင့် ကောင်းကင်ပေါ်သို့ ဒိုင်းခနဲ ပစ်ဖောက်ပြီးမှ သင်္ဘောကို ထွက်စေ၏။ သင်္ဘောကမ်းမှ ခွာသောအခါ အရက်သောက်တတ်သော သင်္ဘောသားများကို အရက်အိုးကို ဖွင့်၍ သောက်စေပြီး ပျော်ရွှင်စွာ အော်ဟစ်ကြလေ၏။

ကျွန်ုပ်သည် ပင်လယ်ပြင်၌ ကုန်ကူးသန်းရောင်းဝယ်ရင်း မာလိန်မှူးကြီး ဦးဘသိုက်ထံမှ ရေကြောင်းမြေပုံကြည့်နည်း၊ ကြယ်တာရာများ

ကြည်ရှုနည်း မှန်တိုင်း အန္တရာယ်မှ တိမ်းရှောင်နည်း၊ ရာသီဥတု ကြိုတင်ခန့်မှန်းနည်းများကို သင်ကြားလေ၏ ။

မာလိန်မှူးကြီးသည် မိုးကောင်းကင်၏ အခြေအနေကို ကြည့်ရှုရုံဖြင့် မုန်တိုင်းဖြစ်မဖြစ် ကြိုတင်ခန့်မှန်းနိုင်၏ ။

တစ်နေ့သ၌ မာလိန်မှူးကြီး ဦးဘသိုက်ပြောပြသော ပင်လယ်ပြင်ဗဟုသုတများကို နားထောင်ရင်း ဥစ္စာစီးပွားဖြစ်ထွန်းစေရန် စိတ်ကူးတစ်မျိုးရရှိ၏ ။ မာလိန်မှူးကြီးက ...

"ကပ္ပလီပင်လယ်ထဲက ကျွန်းအချို့မှာ လူသားစားတဲ့ လူရိုင်းတွေ ရှိတယ်ကွ၊ ဒီကောင်တွေက ကြောက်စရာကောင်းပေမယ့် သတ္တကောင်းတဲ့လူတွေကတော့ ဒီကောင်တွေနဲ့ ပေါင်းပြီး စီးပွားဖြစ်ထွန်းနေတယ်။"

ဟု အစချီကာ ထိုလူရိုင်းများသည် အသိဉာဏ်နည်းပါးလှသဖြင့် ၎င်းတို့ရှိရာသို့သွားပြီး ပုတီးစေ့ကလေးများ၊ ကြွေကရား၊ ကြည့်မှန်၊ ကြွေပန်းကန်၊ အသားဘူး၊ ငါးဘူး အစရှိသည်တို့ကို ပေးဆပ်ရုံဖြင့် ၎င်းတို့ထံမှ အလွန်တန်ဘိုးရှိသော ဆင်စွယ်များ၊ ရေမှုန်၊ ရွှေစ များကို ပြန်လည်ရရှိနိုင်ကြောင်းပြောလေရာ ကျွန်ုပ်သည် လူရိုင်းများကို အလွန်စိတ်ဝင်စားသွားလေ၏ ။

ထိုလူရိုင်းများနှင့်တွေ့ဆုံပြီး ကုန်ကူးသန်းရောင်းဝယ်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာ ၏ ။ ထိုအကြောင်းကို ဦးဘသိုက်အား ပြောပြလေရာ ဦးဘသိုက်က လက်ကာပြ၍ .....

"အမယ်လေး ... ဒီလောက်လည်း လောဘမကြီးပါနဲ့ကွာ၊ လူရိုင်းတွေက လူသားစား လူရိုင်းတွေကွ၊ သူတို့မှာ ယဉ်ကျေးမှုမရှိဘူး၊ လူအင်အားလည်း သိပ်များတယ်၊ အန္တရာယ်ပြုမယ်ဆို ငါတို့က ခံဘက်ကြီးပဲ"

ဟု ပြောလေရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍ ...

"လက်နက်အပြည့်အစုံ ဆောင်သွားမယ်ဗျာ"

ဟု ပြောလေ၏

မာလိမ်မှူးကြီးက ခေါင်းခါယမ်း၍

"လူရိုင်းတွေဆီက ပွပေါက်တိုးနေတဲ့ ယိုးဒယားကုန်သည်တွေဟာ လက်နက်အပြည့်အစုံ ရှိကြသားပဲ၊ ဒါပေမဲ့ အခန့်မသင့်ရင် ခေါင်းဖြတ်ခံရမယ့် အန္တရာယ်ရှိတယ်ကွ၊ လောဘမကြီးတာ အကောင်းဆုံးပါပဲကွာ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ဦးဘသိုက်က မည်သို့ပင် တားမြစ်ပါစေ၊ လူရိုင်းများနှင့် သွားရောက်ကုန်သွယ်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်နေ၏။

လူရိုင်းများနှင့် ကုန်သွယ်ရန်အတွက် အကောင်းဆုံးနည်းမှာ လူရိုင်းများနှစ်သက်သော လက်ဆောင်ပစ္စည်းများပေးအပ်ရန်လို၏။

ထို့ကြောင့် ကျွန်ုပ်၏ အကြံဉာဏ်ကို မာလိန်မှူးကြီးအား ပြောလေရာ ၎င်းက သက်ပြင်းချ၍ ...

"လူရိုင်းတွေကို လက်ဆောင်ပေးတာက ကောင်းပါတယ်၊ ဒါပေမယ့် ဒီကောင်တွေက ယဉ်ကျေးမှုရှိတဲ့လူတွေ မဟုတ်ဘူး၊ သူတို့မှာ ဥပဒေလည်းမရှိဘူး၊ စိတ်မထင်ရင် မထင်သလို လုပ်မှာပဲ၊ ဒါကြောင့် သူတို့ကို လက်ဆောင်ပေးဖို့ဆိုတာ လှောင်အိမ်ထဲဝင်ပြီး ကျားအမြီးဆွဲသလိုပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က လက်ဖျစ်တီး၍ ....

"ဟုတ်ပြီ၊ ကျုပ်တို့လှောင်အိမ်ထဲဝင်ပြီး ကျားအမြီးမဆွဲဘူး၊ လှောင်အိမ်အပြင်ကနေပဲ ကျားအမြီးဆွဲတော့မယ်၊ ဒီနေ့ကစပြီး ကျုပ်အကြံအစည်ကို အကောင်အထည်ဖော်မယ်"

ဟု ပြောလိုက်၏။ မာလိမ်မှူးကြီးက ခေါင်းခါယမ်း၍ ...

"ဒီအကြောင်းတွေကို မင်းကို ပြောမိတာ ငါမှားတာပါကွာ"

ဟု ညည်းညူလေ၏ ။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ ကျွန်ုပ်တို့ ရွက်လှေကို လူရိုင်းကျွန်းများအနီးသို့ ဖြတ်သန်းသွားပြီး အန္တရာယ်ကျောက်ဆောင်များနည်းပါးသော ကျွန်းများသို့ ကျွန်ုပ်သင်္ဘောပေါ်မှ လှေကိုချ၍ သတ္တိရှိသော သင်္ဘောသားအချို့ကို ခေါ်ကာ သတိကြီးစွာထား၍ ချဉ်းကပ်သွားလေ၏ ။

ကမ်းစပ်၌ လူသူအရိပ်အယောင်ကို မမြင်ရမှသာ ရဲရဲတင်းတင်း ကမ်းကပ်၍ လူရိုင်းများနှစ်သက်သော ပစ္စည်းများကို ချပေးလေ၏ ။

ကျွန်ုပ်တို့လှေ ကမ်းသို့ကပ်ပြီး ပစ္စည်းများ ချပေးသွားခြင်းကို ကျွန်းပေါ်ရှိ လူရိုင်းများ သိရှိကြလေ၏ ။ ဤသို့ဖြင့် ကျွန်ုပ်သည် ကုန်ကူးသန်းရောင်းဝယ်သည့် အခေါက်တိုင်း သင်္ဘောပေါ်ရှိ လက်ဆောင်ပစ္စည်းများကို ကျွန်းအချို့သို့ ချပေးသွားလေ၏ ။

အချို့သော ကျွန်းများသို့ ကျွန်ုပ်တို့ လှေကပ်၍ မရဘဲ လူရိုင်းများ၏ တိုက်ခိုက်ခြင်းကို ခံရလေ၏ ။

ကျွန်ုပ်ဘက်မှ လူရိုင်းများအတွက် လက်ဆောင်အဖြစ် ပေးအပ်သောပစ္စည်းများ၏ တန်ဖိုး သည် ပြောပလောက်အောင် မရှိချေ။

သို့သော် များမကြာမီမှာပင် လူရိုင်းများဘက်မှ ကျွန်ုပ်ကို ရင်းနှီးခင်မင်စွာ တုံ့ပြန်လေ၏ ။

ကျွန်ုပ်တို့အတွက် လူရိုင်းများဘက်မှလည်း လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်လေ ၏ ။

လူရိုင်းများပေးသော လက်ဆောင်ပစ္စည်းများကို ကြည့်၍ ကျွန်ုပ် အလွန်အံ့သြသွားလေ၏ ။

ကျွန်ုပ်က လူရိုင်းများအား ပေးအပ်သော လက်ဆောင် ပစ္စည်းများမှာ မြို့ပြဒေသများ၌ အဖိုးတန် ပစ္စည်းဟု မခေါ်ဆိုနိုင်သော ကြည့်မှန်၊ ပုတီးကုံး၊ အသားဘူး၊ ငါးဘူး စသည်တို့သာဖြစ်၏ ။

လူရိုင်းများဘက်မှ ပြန်လည်ပေးအပ်သော ပုလဲ၊ ငါးကြီးအန်ဖတ်၊ ရေတိုရွှေစများသည် ကျွန်ုပ်အတွက် များစွာအမြတ်အစွန်း ထွက်စေ၏ ။

ဤသို့ဖြင့် ကျွန်ုပ်သည် လူရိုင်းများနှင့် ရင်းနှီးအောင် လုပ်ပြီး စွားရေးအင်အား တောင့်တင်းလာခဲ့လေ၏ ။

ကျွန်ုပ်သည် လူရိုင်းများရှိရာ အရပ်သို့ပင် ညအိပ်ညနေ လိုက်လံလည်ပတ်ရလေ၏ ။

လူရိုင်းများသည် ကျွန်ုပ်တို့ကို ခင်မင်လှသဖြင့် တတ်စွမ်းသမျှ ဧည့်ခံရှာ၏ ။

ကျွန်ုပ်တို့နှင့်လိုက်ပါလာသော သင်္ဘောသား အရိုင်းအစိုင်းများသည် ကျွန်းပေါ်ရှိ လူရိုင်းမလေးများနှင့်ပင် ပျော်ရွှင်နေလေ၏ ။

လူရိုင်းမလေးများသည် မယုံနိုင်ဖွယ်ကောင်းလောက်အောင်ပင် ချောမောလှပ၏ ။

ကျွန်ုပ်သည် လူရိုင်းများနှင့် ရင်းနှီးခင်မင်သော ဆက်ဆံရေးကို မပျက်ပြားလိုသဖြင့် သင်္ဘောသား လူရမ်းကားများကို တတ်နိုင်သမျှ ထိန်းသိမ်းရလေ၏ ။

လူရိုင်းများထံမှ ကျွန်ုပ်ရရှိသော အမြတ်အစွန်းသည် သာမန်ပင်လယ်ရေကြောင်းဖြင့် ကုန်ကူးသန်းရောင်းဝယ်ခြင်းထက် များစွာ သာလွန်လေ၏ ။

မာလိန်မှူးကြီး ဦးဘသိုက်က ကျွန်ုပ်ကို ချီးမွမ်း၍ မဆုံးတော့ချေ။

ကျွန်ုပ်စီပွားရေးတိုးတက်လာသဖြင့် မြို့ပေါ်၌ ဖခင်ကဲ့သို့ အိမ်ကြီးတစ်ဆောင်ကိုပင် ဆောက်လုပ်ခဲ့လေ၏။

ရွက်လှေကြီးများကိုလည်း ထပ်မံဝယ်ယူခဲ့လေသည်။

ကျွန်ုပ်၏ ကံဇာတာ တိုးတက်ကောင်းမွန်ခဲ့ပြီးနောက် ကျွန်ုပ်သည် မြို့ပေါ်မှာပင် အေးချမ်းစွာ နေထိုင်နိုင်၏။

သို့သော် စွန့်စားလိုသော စိတ်ဓါတ်ကြောင့် ပင်လယ်ပြင်၌ ဆက်လက်၍ ပျော်မွေ့နေလေ ၏။

ထိုသို့ ပျော်မွေ့နေခြင်းသည် ကျွန်ုပ်ဘဝအတွက် ကံဆိုးမိုးမှောင်ကျစေသော ကံကြမ္မာ ဆိုးကြီးဖြစ်ပေါ်စေခြင်းပင်ဖြစ်၏။

ကျွန်ုပ်သည် မိမိကိုယ်မိမိ ပျက်စီးစေရန် ကံကြမ္မာ ဖန်တီးသူတစ်ယောက်အဖြစ် မွေးဖွားလာသူပင် ဖြစ်လေသလားမသိ။

ကျွန်ုပ်၏ ဖခင်ကြီးကိုယ်တိုင် ပင်လယ်ခရီးမထွက်ဘဲမြို့၌ သာ အေးအေးချမ်းချမ်းနေထိုင်ပြီး ကူးသန်းရောင်းဝယ်ရန် အကြံပေး၏။

သို့သော် ပင်လယ်ပြင်၌ စွန့်စားခြင်းကိုသာ ဝါသနာထုံသော ကျွန်ုပ်သည် ဖခင်၏ စကားကို နားမဝင်နိုင်ဘဲ ပင်လယ်သို့ထွက်ရန် ခေါင်းမာမာနှင့် ဆုံးဖြတ်လိုက်လေတော့၏။

***

ဤခရီးထွက်ခြင်းသည် ကျွန်ုပ်ဘဝ၏ ကံဆိုးမိုးမှောင်ကျသောဘဝ၏ အစနိဒါန်းပင် ဖြစ်တော့ ၏ ။

ကျွန်ုပ်သည် ပသျှူးကျွန်းဆွယ်သို့ ရွက်လှေကြီးဖြင့် ခရီးဆက်ခဲ့ပြန်၏ ။

ကျွန်ုပ်၏ သင်္ဘောပေါ်၌ ထုံးစံအတိုင်း၊ ငါးကြီးအန်ဖတ်များ၊ အဖိုးတန်ပုလဲများ၊ ငှက်သိုက်များ ပါရှိ၏ ။

ကျွန်ုပ်သင်္ဘောသည် ကပ္ပလီပင်လယ်ပြင်ကြီး၌ တအိအိခရီးနှင်လေ၏ ။

ထို့နောက် ဂျယ်ရီကျွန်း၊ ရိုက်ကျွန်း စသော ကျွန်းငယ်များကို ဖြတ်သန်းပြီး ရေမိုင် ၂၀ ကျော်ဝေးသော ကပ္ပလီကျွန်းစုများသို့ ရောက်ရှိခဲ့လေ၏ ။

ကျွန်ုပ်တို့သင်္ဘောသည် ကပ္ပလီကျွန်းနှင့် ကိုကိုးကျွန်းအကြားရှိ ရေလက်ကြားကို ဖြတ်သန်းပြီး ကျွန်ုပ်၏ မိတ်ဆွေလူရိုင်းများရှိရာ ကျွန်းစုများသို့ ရောက်ရှိခဲ့လေ၏ ။

ရွက်လှေကြီးကို မိတ်ဆွေလူရိုင်းများရှိရာကျွန်းနှင့် မလှမ်းမကမ်း၌ ကျောက်ချရပ်နားလိုက် ၏ ။ ထို့နောက် သင်္ဘောပေါ်တွင်ရှိသော လှေငယ်နှင့် လူရိုင်းကျွန်းသို့ လှော်ခတ်ခဲ့၏ ။

ကျွန်း၏ အနီးပတ်ဝန်းကျင်ရှိ ရေပြင်မှာ နက်ရှိုင်းပြီး သန္တာကျောက်ခတ်ကျောက်တန်းများ ပြည့်နှက်နေသဖြင့် လှေကို သတိထားပြီး လှော်ခတ်ရ၏ ။

ကျွန်ုပ်တို့ လှေကလေးသည် အကွေ့အကောက်များသော ကမ်းခြေကို

ကျော်ဖြတ်ပြီး လူရိုင်းကျွန်းသို့ ရောက်ရှိသွား၏ ။

ကျွန်ုပ်၏ မိတ်ဆွေ လူရိုင်းခေါင်းဆောင်ကြီးသည် ကမ်းစပ်၌ လာရောက်ကြိုဆိုလေရာ ကျွန်ုပ်သည် လှေပေါ်၌ ပါရှိသော လက်ဆောင်ပစ္စည်းများကို မိတ်ဆွေကြီးအား ပေးလေ၏ ။

ကျွန်ုပ်၏ လက်ဆောင်များထဲတွင် လူရိုင်းခေါင်းဆောင်ကြီး အလွန်လိုချင်နေသော မှန်ဘီလူးတစ်လက် ပါရှိသဖြင့် မိတ်ဆွေကြီးသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏ ။

လူရိုင်းခေါင်းဆောင်ကြီးသည် ကျွန်ုပ်အား အလွန်အရည်အသွေးကောင်းမွန်သော ပုလဲလုံး များကို လက်ဆောင်အဖြစ် ပြန်ပေးလေ၏ ။

ထိုပုလဲများသည် ကျွန်ုပ်တစ်သက်တွင် မြင်ဖူးသမျှ ပုလဲများတွင် အကောင်းဆုံးပုလဲများ ဖြစ်လေ၏ ။

ကျွန်ုပ်သည် မိတ်ဆွေလူရိုင်းများနှင့် အတန်ကြာအောင် နေထိုင်ပြီး သင်္ဘောရှိရာသို့ ပြန်ခဲ့လေ၏ ။

ထို့နောက် ရွက်လှေကြီးသည် ကပ္ပလီကျွန်းစုများကို ကျော်ဖြတ်ပြီး ပသျှူးကျွန်းဆွယ်ဆီသို့ ဦးတည်မောင်းနှင်ခဲ့၏ ။

ကျွန်ုပ်တို့သင်္ဘောသည် နောက်တစ်နေ့၌ နီကိုဗာ ကျွန်းစုများသို့ ရောက်ရှိခဲ့လေ၏ ။

နီကိုဗာကျွန်းသည် ကပ္ပလီကျွန်းနှင့် ရေမိုင် (၇၅)မိုင်အကွာတွင် တည်ရှိပြီး ဗြိတိသျှတို့ လက်အောက်၌ ရှိ၏ ။

ထိုကျွန်းများ၌ လူနေအိမ်ခြေမရှိသော ကျွန်းများလည်းရှိ၏ ။

ကျွန်ုပ်တို့ရွက်လှေကြီး နီကိုဗာကျွန်းကို ကျော်ဖြတ်ပြီး

ခုတ်မောင်းနေခိုက်၌ ဘောလုံးခန့်ရှိသော နီနီရဲရဲမီးလုံးကြီးသည် လေထဲတွင် ပျံသန်းပြီး ကျွန်ုပ်တို့ ရွက်လှေအနီးသို့ ရောက်ရှိလာလေ၏။

ကျွန်ုသည် ထိုမီးလုံးကြီးကိုကြည့်၍ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး....

"ပင်လယ်စုန်း"

ဟု အလန့်တကြား အော်ဟစ်လိုက်လေ၏

ထိုမီးလုံးကြီးသည် ကျွန်ုပ်တို့ ရွက်လှေ၏ ရွက်တိုင်တစ်တိုင်ကို စွဲကပ်လိုက်လေ၏။

ထိုသို့ စွဲကပ်လိုက်သည်နှင့် တစ်ပြိုင်နက် ရွက်တိုင်ကြီးသည် စတင်မီးစွဲလောင်ကျွမ်းလေ ၏။ ထိုစဉ် ဘိုဆင်ဖြစ်သူဗလကြီး ရောက်ရှိလာပြီး ...

"ပင်လယ်စုန်း စွဲပြီဟေ့၊ ပင်လယ်စုန်းစွဲပြီ၊ ရွက်တိုင်ကို ပုဆိန်နဲ့ ခုန်ချရမယ်၊ ခရုတ်သီးညှော်တွေကိုလည်း တိုက်ဟေ့"

ဟု အော်ဟစ်လိုက်လေ၏ ကျွန်ုပ်တို့ သင်္ဘောသည် ပင်လယ်ပြင်၌ ကြုံတွေ့ရတက်သော အလွန်ထူးဆန်းသည့် ပင်လယ်စုန်းနှင့် လက်တွေ့ကြုံဆုံနေရချေပြီ/

ပင်လယ်စုန်း စွဲကပ်သည့် သင်္ဘောရွက်တိုင်အား အမြန်ဆုံး ခုတ်ချရသည်ဟု ကြားဖူး၏။ ပင်လယ်စုန်းစွဲနေသော ရွက်တိုင်ကို ခုတ်မချမိပါက ကျန်သောရွက်တိုင်းများကိုပါ ဆက်လက်၍ လောင်ကျွမ်းနိုင်၏။

ထို့ပြင် ပင်လယ်စုန်းစွဲကပ်ခံရသော သင်္ဘောရှိ သင်္ဘောသားများသည် စိတ်တုန်လှုပ် ချောက်ချားပြီး တစ်ဦးနှင့် တစ်ဦး အကြောင်းကိစ္စမရှိဘဲ တိုက်ခိုက်တတ်၏။

လှူသန်ကြီးဗလသည် ပင်လယ်စုန်းစွဲကပ်နေသော ရွက်တိုင်ကို ပုဆိန်ဖြင့် ခုတ်ချရန် ပြင်ဆင်နေစဉ် သင်္ဘောသားနှစ်ယောက်သည်

ကယောက်ကတမ်း တိုက်ခိုက်ကြလေ၏ ။

ဗလကြီးသည် ကယောက်ချောက်ချားဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အသေအကြေတိုက်ခိုက် နေသော သဘော်သားနှစ်ယောက်ကို အော်ဟစ်တားဆီးလေ၏ ။

သို့သော် သဘော်သားနှစ်ယောက်သည် ဗလကြီး၏ စကားကို နားမဝင်ဘဲ ဓားကိုယ်စီဖြင့် ထိုးနှက်တိုက်ကြ၏ လူသန်ကြီးသည် သဘော်သားနှစ်ဦး၏ ပမာမခန့် တိုက်ခိုက်နေပုံကိုကြည့်၍ ဒေါသမထိန်းနိုင်တော့ဘဲ ရွက်တိုင်ကို ခုတ်ချနေသော ပုဆိန်ကြီးကို ပစ်ချကာ သဘော်သားနှစ်ယောက်ဆီသို့ ပြေးလွှားသွားလေ၏ ။

ကျွန်ုပ်သည် ဗလကြီးချထားသော ပုဆိန်ကို ကောက်ကိုင်၍ ပင်လယ်စုန်းစွဲနေသော ရွက်တိုင်ကို ကမန်းကတန်း ခုတ်ချလေ၏ ။ ထိုအချိန်၌ မာလိန်မှူးကြီး ရောက်လာပြီး ကျွန်ုပ်ကို ကူညီခုတ်ပိုင်းပေးလေ၏ ။

ထို့ကြောင့် ရွက်တိုင်ကြီးသည် ပင်လယ်တွင်းသို့ ကျိုးကျသွားလေ၏ ။

ရွက်တိုင်နှင့်အတူ မီးလုံးကြီးလည်း ပင်လယ်ထဲသို့ ထိုးကျပြီး ပျောက်ကွယ်သွားလေ၏ ။

ကျွန်ုပ်တို့ သဘော်ပေါ်တွင် စိတ်တုန်လှုပ်ချောက်ချားပြီး တိုက်ခိုက်နေသော သဘော်သား နှစ်ယောက်သည် ငြိမ်သက်သွားလေ၏ ။

မာလိန်မှူးကြီးက လက်ထဲရှိ ပုဆိန်ကို ပစ်ချ၍ ကျွန်ုပ်ကိုကြည့်ကာ…

"ပင်လယ်ပြင်ရဲ့ ထူးခြားမှုထဲက တစ်ခုပေါ့ကွာ၊ ငါ့တစ်သက်မှာ ပင်လယ်စုန်း စွဲကပ်တာ နှစ်ကြိမ်ကြုံဖူးတယ်၊ ဒီတစ်ကြိမ်နဲ့ဆိုရင်တော့ သုံးကြိမ်ရှိပြီ"

ဟု ပြောလေရာ ကျွန်ုပ်က ခြေပစ်လက်စပ် လှဲနေရာမှစ၍ …

"ပင်လယ်စုန်းဆိုတာ ဘာလဲ"

ဟု မေးမြန်းလေ၏။ မာလိန်မှူးကြီး ဦးဘသိုက်က

"ပင်လယ်စုန်းဆိုတာ ဘာလဲဆိုတာ ဒီနေ့အထိ ဘယ်သူမှ တိတိကျကျ အဖြေမပေးနိုင်ဘူး၊ ပင်လယ်ပြင်ရဲ့ လျှို့ဝှက်နက်နဲမှု တစ်ခုပေါ့ကွာ၊ ငါတို့သင်္ဘောမှာ ရွက်တိုင်တစ်တိုင်တော့ မရှိတော့ဘူး၊ ပသျှူးကျွန်းရောက်တော့မှ ရွက်တိုင်ပြန်ပြီး တပ်ကြတာပေါ့"

ဟု ပြောလေ၏။ ကျွန်ုပ်က ပင်လယ်ထဲသို့ ထိုးကျသွားသော ရွက်တိုင်ကိုကြည့်၍ ...

"ပင်လယ်စုန်းဆိုပြီး ကြားဖူးနေတာကြာပြီ၊ အခုမှ လက်တွေ့မြင်ရတော့တယ်၊ ဒီအတွက် ကျုပ် သိပ်ကံကောင်းတယ်"

ဟု ပြောလိုက်ရာ လူသန်ကြီး ဗလသည် ကျွန်ုပ်အနီးသို့ ရောက်လာပြီး...

"ဝမ်းသာမနေနဲ့ဆရာ၊ ပင်လယ်စုန်း စွဲကပ်ခံရတဲ့သင်္ဘောဟာ ကြမ္မာဆိုးနဲ့ ကြုံတွေ့ရ တယ်လို့ ကြားဖူးတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ထိတ်လန့်တုန်လှုပ်သွားပြီး မာလိန်မှူးကြီးဘက်သို့ လှည့်၍ ...

"ဟုတ်ရဲ့လား မာလိန်မှူးကြီး"

ဟု မေးမြန်းလိုက်ရာ မာလိန်မှူးကြီးက သက်ပြင်းချ၍ ...

"ငါ့အတွေ့အကြုံ ဆိုရင်တော့ ဗလကြီးပြောတာမှန်တယ်ကွ၊ ဒါပေမယ့် အန္တရာယ်ဆိုတာ ပင်လယ်မှာ ဘာထူးခြားလို့လဲကွာ၊ ပင်လယ်မှာ အမြဲတမ်း အန္တရာယ်ရှိနေတာပဲ"

ဟုပြောလေ၏။ ကျွန်ုပ်သင်္ဘောသည် ရွက်တိုင်နှစ်တိုင်နှင့်ပင်

ပသျှူးကျွန်းသို့ ဆက်လက်သွားလာခဲ့၏။

ပသျှူးကျွန်းသို့မရောက်မီ ညအချိန်၌ မာလိမ်မှူး ဦးဘသိုက်က ပင်လယ်ပြင်ကို ကြည့်၍ ...

"ကောင်းကင်တစ်ခုလုံးနီရဲနေတာပဲ၊ ငါတို့တော့ ကံဆိုးပြီး အလွန်ပြင်ထန်တဲ့ မုန်တိုင်းနဲ့ ကြုံရတော့မယ်၊ လေနီကြမ်းတိုက်မယ့် သဘောပဲ"

ဟု ပြောလေရာ ကျွန်ုပ်သည် ထိတ်လန့်သွားပြီး ...

"နီးစပ်ရာ ကျွန်းတစ်ကျွန်းကို ကပ်ပြီး မုန်တိုင်းကို ရှောင်လို့မရဘူးလား"

ဟု မေးမြန်းလေ၏။ ဦးဘသိုက်က သက်ပြင်းချ၍ ....

"အချိန်မရတော့ဘူးကွ မုန်တိုင်းက သိပ်မြန်နေပြီ၊ ငါတို့ဆီကိုရောက်တော့မယ်"

ဟု ပြောလေ၏။ မာလိန်မှူးကြီးစကားဆုံးသည်နှင့် လေပြင်းများ စတင်တိုက်ခိုက် လာ၏။

ထိုအခါ ဘိုဆင်ဖြစ်သူ ဗလကြီးသည် ကျွန်ုပ်တို့ရှိရာသို့ အရေးတကြီး ရောက်ရှိလာပြီး ...

"လေနီကြမ်းတော့မယ် ထင်တယ်ဆရာ ဘယ်လိုလုပ်ကြမလဲ"

ဟု မေးမြန်းလေ၏။

မာလိမ်မှူးကြီးက ကောင်းကင်ကိုကြည့်၍ သက်ပြင်ချလိုက်ပြီး ...

"ငါတို့ဆုတောင်းရုံကလွဲလို့ ဘာမှလုပ်လို့မရဘူး၊ လေနီကြမ်းရဲ့ အရှိန် သိပ်ပြင်းလိမ့်မယ်၊ အတွေ့အကြုံရှိတဲ့ မာလိန်မှူးတွေက ဒီလိုလေနီကြမ်းမျိုးကို သိမ်းငှက်နီလို့ နာမည်ပေးကြတယ်၊ သူ့ရဲ့သဘာဝက သိမ်းငှက်တစ်ကောင် သားကောင်လိုက်သလို အရှိန်အဟုန်အပြင်းနဲ့ကို ဝင်တာကွ၊ သူ့ရှေ့မှာရှိတဲ့

အရာတွေကို တစ်ခုမှ အလွတ်မပေးဘူး၊ ငါတို့အတွက်
သေမင်းရောက်လာသလိုပါပဲကွာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် အလွန်တုန်လှုပ်ချောက်ချားပြီး
ကောင်ကင်ပြင်ကို ကြည့်လိုက်လေ၏။

ကျွန်ုပ်မကြာမီ သေဆုံးရတော့မည်လား၊ မွေးရပ်မြေသို့
ပြန်မရောက်နိုင်တော့ ဘူးလား

သင်္ဘောပေါ်ရှိ လူများအားလုံး တုန်လှုပ်ချောက်ချားပြီး
ကမ္ဘာပျက်သကဲ့သို့ ဖြစ်လေ၏။

သင်္ဘောသား လူကြမ်းသူကြမ်းများအားလုံး ကြောက်ရွံ့ပြီး
ဆိုင်ရာဘာသာများကို ဆုတောင်းနေကြ၏။

ဘိုဆင်ဗလကြီးမှာလည်း ဆောက်တည်ရာမရဘဲ
ဟိုသည်အော်ဟစ်ပြေးလွှားနေ ၏။

မာလိန်မှူးကြီးက မျက်စိမျက်နှာပျက်နေသော ကျွန်ုပ်၏ ပခုံးကိုဖက်၍
...

"ဘယ်လိုလဲ သင်္ဘောသားလေး၊ သေရမှာ ကြောက်နေပြီလား၊
မကြောက်ပါနဲ့ကွာ တကယ်တော့ သေတယ်ဆိုတာမရှိပါဘူး၊ လူ့ဘဝကြီးဆိုတာ
ပြဇာတ်ကြီးတစ်ပုဒ် က, နေသလိုပဲကွ၊ ပြဇာတ် က, နေတုန်း
အခန်းတစ်ခန်းပြီးသွားရင် နောက်တစ်ခန်းကူးဖို့အတွက် ကန့်လန့်ကာကျသွားတယ်
မဟုတ်လား၊ သေတယ်ဆိုတာ ကန့်လန့်ကာကျတာနဲ့ အတူတူပါပဲကွာ၊
သေဆုံးခြင်းဆိုတာ ဘဝတစ်ခုကနေ နောက်ဘဝတစ်ခုကို ပြောင်းဖို့အတွက်
ခဏကန့်လန့်ကာ ကျသွားတာကွ၊ မင်းဟာ နောင်ဘဝမှာ ဘဝဇာတ်ခုံကို ဆက်ပြီး
က, ရဦးမယ်၊ ဒါကြောင့် ဘာမှကြောက်စရာမလိုပါဘူးကွာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က မုန်တိုင်းထန်နေသော ပင်လယ်ပြင်ကိုကြည့်၍ အံကိုကြိတ်ကာ ...

"သေရမယ်ဆိုတော့လဲ သေရတာ ပေါ့ဗျာ၊ ဒါပေမဲ့ ဘဂကို ဒီအတိုင်း အရှုံးမပေးချင်ဘူး၊ အစွန်းရှိသမျှ ဆက်ပြီး တိုက်ခိုက်ချင်တယ်"

ဟု ပြောလိုက်ရာ မာလိန်မှူးကြီးက ကျွန်ုပ်၏ ပုခုံးကိုဖက်ကာ...

ဘဂကို အရှုံးမပေးတဲ့စိတ်ဓါတ်ကို ချီးကျူးပါတယ်ကွာ၊ ငါတို့အစွမ်းရှိသမျှ ရင်ဆိုင်လိုက်ဦးစို့

ဟု ပြောလေ၏။ ကျွန်ုပ်တို့ သင်္ဘောသည် မုန်တိုင်း၏ သယ်ဆောင်ရာသို့ တစ်ညလုံး မျောပါနေလေတော့၏။

မုန်တိုင်းသည် နံနက်မိုးသောက် အလင်းရောက်သည့်အချိန်ထိ ရပ်နားခြင်းမရှိဘဲ ပိုပို၍ ပင် ပြင်းထန်လာ၏။

ကျွန်ုပ်တို့ သင်္ဘောပေါ်ရှိ ရွက်များအားလုံးကို ဖြုတ်ချပြီး မုန်တိုင်းသယ်ဆောင်ရာသို့ မျောပါနေရ၏။

ကျွန်ုပ်တို့သင်္ဘောသည် မုန်တိုင်း၏ အလယ်ဗဟိုသို့ ရောက်ရှိနေသဖြင့် လေပြင်းတိုက်ခတ် ခြင်းကို အပြင်းထန်ဆုံး ခံစားနေရ၏။

ကျွန်ုပ်တို့သင်္ဘောသည် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပင်လယ်ထဲ၌ ရက်ပေါင်းများစွာ မျောပါနေရာလေရာ ပဿျူးကျွန်းဆွယ်ကို ကျော်လွန်ပြီး မည်သည့်အရပ်သို့ ရောက်ရှိနေသည်မသိ ချေ။

တစ်ပတ်ပြည့်သောအခါ ရာသီဥတုအတော်အတန် ကောင်းမွန်လာသဖြင့် မာလိန်မှူးကြီးက သင်္ဘောရောက်ရှိသော အရပ်ကို ခန့်မှန်း၍ ...

"ငါတို့ တောင်တရုတ်ပင်လယ်ထဲကို ရောက်နေပြီထင်တယ်၊

ငါတို့သင်္ဘောက ပသျှူးကျွန်းဆွယ်ကိုတော့ ကျော်လွန်သွားပြီကွ"

ကျွန်ုပ်တို့သည် မုန်တိုင်းစဲသွားပြီး ရာသီဥတု ငြိမ်သက်သွားသဖြင့် ရွက်များကို ပြန်တင်ပြီး အမြန်ဆုံးကမ်းတစ်ခုသို့ကပ်ရန် ကြံစည်ကြ၏။

ထိုအချိန်၌ လေမှာ ပြင်းထန်စွာ တိုက်ခတ်နေဆဲဖြစ်၏။

နောက်တစ်နေ့နံနက်၌ သင်္ဘောဦး၌ မှန်ဘီလူးတစ်လက်ဖြင့် ရှိနေသော ဗလကြီးက ...

"ကုန်းတွေ့ပြီဟေ့

ဟု ဂမ်းသာအားရ အော်ဟစ်လိုက်၏။

ကျွန်ုပ်တို့သည် ဗလကြီး၏ အသံကြောင့် ဂမ်းသာအားရ ပြေးထွက်၍ မည်သည့်အရပ်သို့ ရောက်ရှိနေကြောင်း သိရှိအောင် ထွက်ကြည့်ကြ၏။

ထိုအချိန်မှာပင် ကျွန်ုပ်တို့သင်္ဘောသည် ရတ်တရက်ရွေ့လျားခြင်းမရှိဘဲ ရပ်တံ့သွားလေ၏။

ကျွန်ုပ်တို့သင်္ဘောသည် သောင်ပြင်တစ်ခု၌ တင်လျက်သား ဖြစ်နေလေ၏။

သင်္ဘောနံဘေးမှ ရိုက်ပုတ်နေသော လှိုင်းလုံးကြီးများသည် သင်္ဘောကို ရေထဲသို့ တွန်းလှဲမတတ် ဖြစ်နေ၏။

ကျွန်ုပ်သည် ကုန်းမြေကို လှမ်းမြင်နေရ၏။

ကျွန်ုပ်တို့မြင်ရသော ကုန်းမြေသည် ကျွန်းတစ်ကျွန်းပင်ဖြစ်၏။

ထိုကျွန်းသည် ကမ႓ာ၏ မည်သည့်အရပ်၌ ရှိနေသော ကျွန်းဖြစ်သည် မသိချေ။

မာလိန်မှူးကြီးက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်၍

"ငါတို့ မလက်ကာရေလက်ကြား ဝန်းကျင်က ကျွန်းတစ်ကျွန်းကိုများ ရောက်နေသလား မသိဘူး၊ ငါတို့ရောက်နေတဲ့အရပ်ကို တိတိကျကျ ခန့်မှန်းလို့မရဘူး"

ဟု ပြောလေ၏။ လေပြင်းများ တိုက်ခတ်ပြီး သင်္ဘောမှာလည်း သောင်တင်နေသဖြင့် ကျွန်ုပ်တို့အားလုံး အန္တရာယ်တွင်းထဲမှာပင် ရှိနေသေး၏။

လေနီကြမ်းမတိုက်မီ သင်္ဘောပဲ့ပိုင်း၌ လှေတစ်စီးရှိသော်လည်း မုန်တိုင်းကြောင့် တက်မကို ရိုက်ခတ်ပြီး သင်္ဘောမှ လွင့်စဉ်ထွက်သွား၏။ မာလိန်မှူးကြီးက ကျွန်ုပ်တို့အား...

"သင်္ဘောပေါ်မှာပါတဲ့ လှေနှစ်စီးထဲက တစ်စီးကတော့ မုန်တိုင်းနဲ့ ပါသွားပြီ၊ ကျန်တဲ့တစ်စီးနဲ့ ပဲ ကျွန်းကိုရောက်အောင် လှော်ခတ်သွားရမှာပဲ၊ အန္တရာယ်တော့များတယ်ဟေ့၊ အားလုံးသတိထား ကြ"

ဟုပြောကာ မာလိမ်မှူးကြီးကိုယ်တိုင် ဦးဆောင်၍ လှေကလေးကို သင်္ဘောနံဘေးသို့ တဖြည်းဖြည်း ချလေ၏။

ထို့နောက် ကျွန်ုပ်တို့အားလုံး ကြိုးလေကားဖြင့် လှေပေါ်သို့ ဆင်းကြလေ၏။

မုန်တိုင်း၏ အရှိန်မသေသေးသဖြင့် ပင်လယ်ပြင်တစ်ခုလုံး လှိုင်းလုံးကြီးများ တစ်လုံးပြီးတစ်လုံး ရိုက်ခတ်နေလေ၏။ ကျွန်ုပ်တို့သည် လှေကလေးကို လှော်တက်ကိုယ်စီ ကိုင်၍ ကြိုးစားလှော်ခတ်ခဲ့၏။

လှိုင်းလုံးကြီးများကြား၌ ကြောက်မက်ဖွယ်ကျောက်ဆောင်ကြီးများ ဘွားခနဲ ပေါ်ထွက်လာတတ်ရာ ကျွန်ုပ်တို့ လူစုသည် အသက်ကိုပင် ရဲရဲမရှူဝံ့ချေ။

ကျွန်ုပ်တို့ လူတစ်စုသည် ကမ်းခြေသို့ ရောက်ရှိမည်ဆိုသော မျှော်လင့်ချက်ဖြင့် ကျောက်တောင်များကြား၌ လှေကို ခက်ခက်ခဲခဲ

လှော်ခတ်ခဲ့လေ၏။

ကျွန်ုပ်တို့လှေသည် ရေမိုင်သုံးမိုင်ခန့် ရောက်သောအခါ အလွန်ကြီးမားသော လှိုင်းလုံးကြီးတစ်လုံးက လှေကို ကန့်လန့်ဖြတ် တိုက်ခတ်လိုက်ရာ လှေမှောက်ပြီး ကျွန်ုပ်တို့ အားလုံး ပင်လယ်ထဲသို့ တကွဲတပြားစီ လွင့်စဉ်ထွက်သွားလေ၏။

ကျွန်ုပ်သည် ရေအောက်သို့ နစ်မြုတ်သွားပြီး လှိုင်းလုံးများကြားမှ လွတ်မြောက်အောင် ကြိုးစားပြီး ကူးခတ်လေ၏။

ထိုသို့ ကူးခတ်ရင်း ကျွန်ုပ်သည် ခြေကုန်လက်ပန်း လုမတက် ဖြစ်နေလေ၏။

ကျွန်ုပ်သည် ရေကူးရင်း မောပန်းလွန်းသဖြင့် ပင်လယ်ရေအောက်သို့ နစ်မြုပ်လုမတတ် ဖြစ်နေစဉ် လှိုင်းလုံးကြီးတစ်လုံးက ပင့်တိုက်လိုက်ရာ ကမ်းခြေနှင့် နီးရာသို့ ရောက်သွားလေ၏။

ကျွန်ုပ်သည် အားတက်ပြီး ကမ်းဆီသို့ ကြိုးစားကူးခတ်လေရာ နောက်ဆုံးတွင် လက်ပန်းကျပြီး မေ့မြောသွားလေ၏။

ကျွန်ုပ်သတိရသောအခါ ကံကောင်းထောက်မ၍ ကမ်းဆီသို့ ရောက်ရှိနေလေ၏။

မုန်တိုင်းကြောင့် မသေနိုင်တော့ဟုတွေးကာ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်သွားလေ၏။

သို့သော် ကျွန်ုပ်၏ ကိုယ်ခန္ဓာ လှိုင်းလုံးများ၏ အန္တရာယ်မှ လွတ်ကင်းနိုင်သည် မဟုတ်သေးချေ။

လှိုင်းလုံးတစ်လုံးက ကျွန်ုပ်၏ ကိုယ်ခန္ဓာကို ပင်လယ်ထဲသို့ ပြန်လည်ဆွဲခေါ်သွားလေ၏။

ကျွန်ုပ်သည် သတိကြီးစွာထားပြီး ကမ်းခြေဘက်သို့ ပြန်လည်ကူးခတ်ခဲ့လေ၏ ။

ကျွန်ုပ်သည် ကူးခတ်ရင်း ကျောက်တုံးကြီးတစ်တုံး၏ အနီးသို့ရောက်သွားလေရာ ထိုကျောက်တုံးကြီးကို ဖက်တွယ်ထားလိုက်လေ၏

ဤသို့ဖြင့် ကျွန်ုပ်သည် ကမ်းဆီသို့ ပြန်လည်ဦးတည်နိုင်ခဲ့လေ၏ ။

ကျွန်ုပ်သည် သောင်ပြင်ကို ခြေချနိုင်သောအခါမှပင် မိမိကိုယ်မိမိ အသက်ဘေးမှ ကျွန်းသေလွတ်မြောက်ခဲ့ပြီဟု ယူဆလိုက်လေ၏ ။

ကျွန်ုပ်သည် သောင်ပြင်၌ ထိုင်ရင်း ပင်လယ်ထဲသို့ လှမ်းမျှော်ကြည့်ရာ ကျွန်ုပ်တို့သင်္ဘောမှ သင်္ဘောသားတစ်ယောက်တလေကိုမျှ မတွေ့ရချေ။

ကျွန်ုပ်၏ အပေါင်းအဖော်များ ပင်လယ်တွင်း၌ သေကြေပျက်စီးကုန်ပြီလား မသိ။

ခဏကြာလွင် ဖော့ဦးထုပ်သုံးလုံးနှင့် ဖိနပ်တချို့ ကမ်းစပ်သောင်ပြင်သို့ လာရောက်တင်လေ၏ ။

ကျွန်ုပ်ကိုယ်ပေါ်၌ ဓားတစ်ချောင်း၊ ရေဘူးတစ်ဘူးနှင့် မီးခြစ်တစ်လုံးသာ ပါရှိ၏ ။

မကြာမီ အမှောင်လွှမ်းလာပြီး ညအချိန်ရောက်လာသဖြင့် ကျွန်ုပ်သည် အနီးဆုံး ကျောက်ဆောင်ကြီးတစ်ဆောင်အောက်၌ ခိုကပ်ရလေ၏ ။

မုန်တိုင်း၏ အရှိန်ကြောင့် မိုးများအဆက်မပြတ် ရွာသွန်းနေလေရာ တစ်ညလုံး မအိပ်ဘဲ ထိုင်နေရလေ၏ ။

ဤကျွန်းပေါ်၌ သားရဲတိရစ္ဆာန်များရှိလျှင် ခက်မည်ဟုတွေးကာ ရင်မောနေမိ၏ ။

နောက်တစ်နေ့ နံနက် မိုးစင်စင်လင်းသောအခါ မုန်တိုင်းစဲသွားပြီး

ရာသီဥတုကောင်းမွန် လာလေ၏။

ပင်လယ်ပြင်၌ ကြောက်မက်ဖွယ် လှိုင်းလုံးများမရှိတော့ဘဲ ငြိမ်သက်သွားလေ၏။

ကျွန်ုပ်သည် ကျွန်း၏ ဝဲယာသို့ လှည့်လည်ကြည့်ရှုရာ ဒီရေဖြင့် မျောပါလာသော ကျွန်ုပ်၏ သင်္ဘောကို မြင်ရသဖြင့် အလွန်အံ့သြ ဝမ်းသာသွားလေ၏။

ကျွန်ုပ်ပိုမို၍ ဝမ်းသာရသော အချက်မှာ ကျွန်းတစ်နေရာ၌ လှိုင်းလုံးကြီး ရိုက်ခတ်သဖြင့် မှောက်သွားသော လှေငယ်လေးကို ပြန်လည်တွေ့ရှိရလေ၏။

ကျွန်ုပ်သည် လှေငယ်လေးကိုမြင်သည်နှင့် သင်္ဘောဆီသို့ ရောက်အောင်သွားပြီး ကျွန်ုပ် အတွက် လောလောဆယ် လိုအပ်သောပစ္စည်းများယူရန် ဆုံးဖြတ်လိုက်၏။

ယခုအခါ သင်္ဘောသည် ရေပြင်၌ နစ်မြုပ်ခြင်းမရှိဘဲ တည့်မတ်စွာ ရှိနေလေရာ ကျွန်ုပ်တို့အားလုံး သင်္ဘောပေါ်မှ မဆင်းခဲ့လျှင် အသက်ရှင်မည်ဟုတွေးကာ သင်္ဘော ပေါ်မှ ဆင်းခဲ့ခြင်းကို နောင်တကြီးစွာ ရမိ၏။

သင်္ဘောပေါ်မှ မဆင်းခဲ့လျှင် ကျွန်ုပ်တို့အားလုံး ကျွန်ပေါ်၌ အစာရေစာမဲ့ ခိုကိုးရာမဲ့ ဘဝသို့ ရောက်ရှိမည်မဟုတ်ချေ။

ကျွန်ုပ်သည် သင်္ဘောရှိရာသို့ လှေငယ်လေးနှင့် လှော်ခတ်သွားလေ၏။

သင်္ဘောရှိရာသို့ နာရီဝက်ခန့် လှော်ခတ်သွားရ၏။ သင်္ဘောအနီးသို့ ရောက်သောအခါ ကံကောင်းထောက်မစွာဖြင့် ကြိုးတစ်ချောင်း တွဲလောင်းကျနေသဖြင့် သင်္ဘောပေါ်သို့ တွယ်ကပ် တက်ရန် များစွာ အဆင်ပြေသွားလေ၏။

သင်္ဘောပေါ်သို့ရောက်သောအခါ ကမ်းခြေသို့ ကျွန်ုပ်သယ်ဆောင်ရမည့်

ပစ္စည်းများ မြောက်မြားစွာရှိ၏။

သင်္ဘောပေါ်ရှိ ဘီစကစ်များမှာ ရေပင်မထိဘဲ ကောင်းမွန်စွာ ရှိနေ၏

ကျွန်ုပ်သည် ပေါင်မုန့်များကို တွေ့ရသဖြင့် ဝမ်းသာအားရ ပလုတ်ပလောင်း ဝါးစားနေမိ၏။

သင်္ဘောပေါ်၌ ကျွန်ုပ်အတွက် အလွန်အသုံးဝင်သော ပေါင်မုန့်၊ ဆန်၊ ပြောင်းနှင့် အသားဘူး ငါးဘူးများရှိ၏။

ထို့ပြင် လက်နက်များအဖြစ် သေနတ်၊ ယမ်းမှုန့်၊ ကျည်ဆန်၊ ဓားများကိုလည်း တွေ့ရှိရ၏

အရက်စည်များကိုလည်း အကောင်းပကတိအတိုင်း တွေ့ရှိ၏။

ထိုပစ္စည်းများအားလုံးကို ကျွန်ုပ်၏ လှေပေါ်သို့ တင်ရန်သာရှိတော့၏။

ကျွန်ုပ်သည် သင်္ဘောပေါ်တွင် တွေ့ရသော သေတ္တာသုံးလုံးထဲသို့ ပေါင်မုန့်၊ ဆန်၊ ပြောင်းနှင့် အမဲသားခြောက်များကို ထည့်လေ၏။

ကျန်သောသေတ္တာများထဲသို့ အဝတ်အစားများ၊ လက်သမားပစ္စည်းများကို ထည့်လေ၏။

ယခုအချိန်၌ လက်သမားပစ္စည်းများသည် ကျွန်ုပ်အတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုး ရှိလေ၏။

ထို့နောက် ငှက်ပစ်သေနတ်၊ ခြောက်လုံးပြူးနှင့် ယမ်းမှုန့်ထည့်သောဘူးများ၊ ကျည်ဆန်များ ကိုလည်း သယ်ယူပြီးနောက် ကမ်းခြေသို့ လှေငယ်ဖြင့် ပြန်လည်လှော်ခတ်ခဲ့လေ၏။

ကျွန်ုပ်သည် သင်္ဘောပေါ်မှ ပစ္စည်းများ ရရှိသောအခါ ထိုပစ္စည်းများကို လုံလုံခြုံခြုံ သိမ်းဆည်းနိုင်ရန်အတွက် နေစရာတစ်ခုကို ရှာကြံရလေ၏။

ကျွန်ုပ်ရောက်ရှိနေသော နေရာနှင့် မလှမ်းမကမ်းတွင် တောင်ကုန်းလေးတစ်ခုရှိ၏ ။

ကျွန်ုပ်သည် ခြောက်လုံးပြူးသေနတ်ကို ခါးကြားထိုး၍ တောင်ကုန်းထိပ်သို့ရောက်အောင် တွယ်ကပ်ပြီး တက်လေ၏ ။

ကျွန်ုပ် တောင်ကုန်းထိပ်သို့ ရောက်သောအခါ အရပ်လေးမျက်နှာကို ကြည့်ရှုပြီး အလွန် စိတ်ဓာတ်ကျသွားလေ၏ ။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ် ရောက်ရှိနေသောကျွန်းသည် လေးဖက်လေးတန် ရေများ ဝိုင်းရံနေပြီး မြေပြင်ဟူ၍ မည်သည့်နေရာတွင်မျှ မမြင်ရချေ။

ကျွန်ုပ်သည် ပင်လယ်အတွင်းရှိ လူသူမနီးသော ကျွန်းတစ်ကျွန်းသို့ ရောက်ရှိနေလေပြီ။

ကျွန်ုပ်ရောက်ရှိနေသော ကျွန်းသည် သူသူအရိပ်အယောင်ဟူ၍ မတွေ့ရ။

ပင်လယ်ထဲရှိ လူမနီးသော ကျွန်းများ၌ နေထိုင်လေ့ရှိသော လူရိုင်းများပင် ရှိပုံမရချေ။

တောရိုင်းတိရိစ္ဆာန်များကိုပင် ယခုအချိန်ထိ ကျွန်ုပ်မမြင်ရသေး။

ကျွန်ုပ်သည် အနီးရှိသစ်ပင်ကြီးသို့ လာရောက်နားသော ငှက်ကြီးတစ်ကောင်ကို ငှက်ပစ် သေနတ်ဖြင့် ပစ်ချလိုက်၏ ။ ထို့နောက် ငှက်ကိုဖျက်၍ စားရန်ကြံလေ၏ ။

သို့သော် ငှက်ကြီး၏ အသားမှ ပုပ်စော်နံလှသဖြင့် မစားနိုင်ဘဲ စွန့်ပစ်လိုက်ရ၏ ။

ကျွန်ုပ်သည် သင်္ဘောရှိရာသို့ ပြန်လာပြီး လိုအပ်သော ပစ္စည်းများကို

လှေဖြင့်သယ်ယူကာ ထိုနေ့တစ်နေ့လုံး အချိန်ကုန်ခဲ့ရ၏ ။

သင်္ဘောပေါ်မှ ကြိုးပုခက်တစ်လုံးနှင့် စောင်များကိုလည်း သယ်ယူခဲ့၏ ။

ယခုတစ်ကြိမ်တွင် သင်္ဘောပေါ်မှ ရွက်ဖျင်စ၊ သင်္ဘောရွက်အဟောင်းများကို ရရှိသဖြင့် များစွာ အသုံးဝင်လှ၏ ။

ထိုပစ္စည်းများကို အသုံးပြု၍ ကျွန်ုပ်အတွက် နေစရာတစ်ခု ဖန်တီးနိုင်၏

ကျွန်ုပ်သည် သင်္ဘောပေါ်မှ သေနတ်ကျည်ဆန်များ၊ နှလုံးပြူးသေနတ်များကိုလည်း ထပ်မံရရှိလေ၏ ။

ကျွန်ုပ်သင်္ဘောသည် ကုန်ကူးသန်းရောင်းဝယ်သော သင်္ဘောဖြစ်သော်လည်း ပင်လယ် ဓားပြ များ၏ ရန်ကို ကာကွယ်ရန် လက်နက်များ ဆောင်ထားရ၏ ။

ကျွန်ုပ်သည် သင်္ဘောပေါ်သို့ ရောက်သည့်အခါ မာလိန်မှူးကြီးနှင့် သင်္ဘောသားများ အတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်မိ၏ ။ ထိုသူများ တစ်ယောက်မျှ အသက်ရှင်ပုံမရချေ။

ကျွန်ုပ်တစ်ယောက်တည်း ကံကောင်းလွန်း၍ အသက်ဘေးမှ လွတ်မြောက်လာပုံရ၏ ။

ကျွန်ုပ်သည်ကျွန်းပေါ်သို့ရောက်သောအခါ သစ်ပင်ငယ်တစ်ပင်ကိုခုတ်၍ မြေ၌ စိုက်ကာ ရွက်ဖျင်များကို အပေါ်မှ မိုးလေ၏ ။ သို့မှသာ ရာသီဥတုဒဏ်ကို ခံနိုင်မည်ဖြစ်၏ ။

ထိုနေရာ၏ ပတ်လည်၌ အရက်စည်များ၊ သေတ္တာများကို ကာရံ၍ တဲငယ်တစ်လုံးပြုလုပ်၏ တဲ၏ အပေါက်ကို ပျဉ်ချပ်များဖြင့် ကျွန်ုပ်တဲငယ်ကို လုံခြုံစွာ ကာကွယ်ထားသဖြင့် သားရဲတိရစ္ဆာန်များ၏ ရန်မှ လုံခြုံသွားလေ၏ ။

ကျွန်ုပ်သည် တဲအတွင်း မြေကြီး၌ ဝါးဖြင့်ကွပ်ပစ်တစ်ခုကိုပင်

ပြုလုပ်လိုက်လေ၏။

သဘော်ပေါ်မှ ရရှိသော လက်သမားပစ္စည်းများသည် ကျွန်ုပ်အတွက် များစွာ အသုံးဝင် လေ၏။

ကျွန်ုပ်သည် ညအိပ်သောအခါ ခေါင်းအုံးအောက်၌ ခြောက်လုံးပြူးသေနတ်တစ်လက်ကို ထားပြီး နှလုံးပြူးသေနတ်ကို လက်လှမ်းမီရာ၌ ထောင်ထားလိုက်လေ၏။

ထိုနေ့ညက ပစ္စည်းများ သယ်ယူရုံမက တဲကိုပါ ဆောက်ရသဖြင့် မောပန်းကြီးဖြင့် နှစ်နှစ် ခြိုက်ခြိုက်အိပ်ပျော်သွားလေတော့၏။

ကျွန်ုပ်သည် ကျွန်းပေါ်သို့ရောက်သည်မှာ ငါးရက်ရှိချေပြီ။ ကျွန်ုပ်သည် သဘော်ပျက်ပေါ် သို့ လေးကြိမ်တိုင်တိုင်တက်ပြီး လက်ဖြင့် သယ်ဆောင်လို့ရသမျှ ပစ္စည်းများကို သယ်ယူခဲ့လေ၏။

ကျွန်ုပ်သည် ရန်အန္တရာယ်မှ ကာကွယ်နိုင်ရန် လူတစ်ဦးအနေဖြင့် လက်နက်ခဲယမ်းများ ပြည့်စုံနေသော်လည်း မကျေနပ်ဘဲ လောဘတကြီး သယ်ယူနေမိ၏။

ကျွန်ုပ်သည် နေ့စဉ် ရေကျချိန်တိုင်း သဘော်ဆီသို့ သွားပြီး သယ်လို့ရသမျှ အကုန်သယ်နေ၏။

နောက်ဆုံး၌ ဆန်တစ်အိတ်၊ အရက်စည်တစ်လုံးနှင့် သကြားသေတ္တာတစ်လုံး၊ သွပ်ကြိုးတစ်ခွေ ယူဆောင်ပြီး ကျွန်ုပ်၏ သယ်ယူမှုများ အဆုံးသတ်သွားလေ၏။

ယခု နောက်ဆုံးအခေါက် ယူဆောင်လာသော ပစ္စည်းများထဲတွင် သွပ်ကြိုးခွေများသည် နောင်တွင် ကျွန်ုပ်အတွက် အသုံးအဝင်ဆုံးဖြစ်လေ၏။

ထိုနေ့ညက ကျွန်ုပ်အိပ်စက်ချိန်၌ လေပြင်းများတိုက်ခတ်လာသဖြင့်

အိပ်ပျော်နေရာမှ လန့်နိုးလေ၏ ။

နောက်တစ်နေ့ နံနက်လင်းသောအခါ ပင်လယ်ဆီသို့ ကြည့်လေရာ ကျွန်ုပ်သင်္ဘောကြီး နစ်မြုပ်သွားကြောင်း ဝမ်းနည်းကြေကွဲဖွယ် မြင်တွေ့ရ၏ ။

လွန်ခဲ့သော နှစ်များအတွင်း လူရိုင်းများနှင့် မိတ်ဆွေဖွဲ့၍ ဥစ္စာစီးပွား ရှာဖွေထားသမျှ ပင်လယ်အောက်သို့ ရောက်ရှိသွားချေပြီ။ ဝမ်းနည်းဖွယ် ကောင်းလှပေစွ။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ စိတ်မချမ်းမြေ့ခြင်း ကင်းဝေးစေရန် သင်္ဘောပျက်ခြင်း အကြောင်းကို မတွေးတော့ဘဲ မေ့လိုက်လေ၏ ။

ကျွန်ုပ်သည် လက်ရှိအခြေအနေကိုသာ လက်တွေ့ကျကျ စဉ်းစားလေ၏ ။

ကျွန်းပေါ်ရှိ လူသားစား လူရိုင်းများရှိပါက ၎င်းတို့၏ ရန်မှကာကွယ်ရန် အရေးတကြီးဆုံးဖြစ်၏ ။

ထို့ပြင် သားရဲတိရစ္ဆာန်ကြီးများ၏ ရန်မှလည်း ကာကွယ်ရဦးမည်။

ကျွန်ုပ် လက်ရှိတည်ဆောက်ထားသော ယာယီတဲမှာ ပင်လယ်နှင့် နီးကပ်ကာ မြေပြန့်၌ တည်ရှိသဖြင့် အတည်တကျ နေထိုင်ရန် သင့်တော်ခြင်း မရှိချေ။

ကျွန်ုပ်၏ တဲသည် စိမ့်စမ်းရေရရှိနိုင်သော နေရာနှင့် အတော်အတန်ဝေးခြင်းကိုလည်း နှစ်သက်ခြင်းမရှိချေ။

ထို့ကြောင့် အတည်တကျနေထိုင်ရန် ယခုနေရာထက် ပိုမိုကောင်းမွန်သော နေရာကို ရှာဖွေရပေတော့မည်။

ကျွန်ုပ်သည် ထိုသို့ရှာဖွေရင်း တောင်ကုန်းတစ်ခု၏ အောင်ခြေ၌ လွင်ပြင်ကဲ့သို့ ဖြစ်နေသော နေရာသို့ ရောက်ရှိသွားလေ၏ ။

တောင်ကုန်း၏ နံရံသည် မတ်စောက်လွန်းသဖြင့် တောင်ပေါ်မှ မည်သူမျှ ဆင်းသက်မလာ နိုင်ချေ။

ကျွန်ုပ်သည် တောင်နံရံကို ကျွန်ုပ်၏ အိမ်အနောက်၌ တံတိုင်းပြုလုပ်ပြီး တဲတစ်လုံးထိုးရန် ကြံစည်၏ ။

ကျွန်ုပ်၏ တဲအရှေ့၌ ပေတစ်ရာခန့်ကျယ်သော မြက်ခင်းရှိသဖြင့် စိမ်းလန်းစိုပြည်သော ဥယျာဉ်ငယ်လေးကဲ့သို့ ရှိနေလေ၏ ။

ကျွန်ုပ်သည် ထိုနေရာလေးကို အလွန်နှစ်သက်ပြီး အတည်တကျ နေထိုင်ရန် ဆုံးဖြတ် လိုက်လေ၏ ။

ကျွန်ုပ်သည် အိမ်မစောက်မီ သစ်ပင်ငယ်များကို ခုတ်လှဲ၍ ခြံစည်းရိုးတိုင်အဖြစ် ပြုလုပ်လေ၏ ။ ခြံစည်းရိုးတိုင်ကို သင်္ဘောပေါ်မှ ရရှိသော သွပ်ကြိုးများဖြင့် သွယ်တန်းထားလေရာ ကျွန်ုပ်၏ ခြံစည်းရိုးသည် လူနှင့်တိရစ္ဆာန်များ အလွယ်တကူ မဝင်နိုင်အောင် လုံခြုံသွားလေ၏ ။

ကျွန်ုပ်၏ ခြံစည်းရိုးမှာ ခံတပ်ငယ်လေးကဲ့သို့ ဖြစ်သွားဖြင့် ကျွန်ုပ်ပိုင်ဆိုင်သမျှ စားနပ်ရိက္ခာ နှင့် လက်နက်ခဲယမ်းများကို ခြံစည်းရိုးအတွင်းသို့ တဖြည်းဖြည်း သွင်းလေ၏ ။

ကျွန်ုပ်ရောက်ရှိနေသောအရပ်၌ မိုးကြီးလွန်းသဖြင့် သင်္ဘောရွက်တို့မှ ဖြုတ်ယူခဲ့သော ဆီစိမ်ရွက်ဖျင်ကြမ်းများကို အမိုးအဖြစ် မိုးလေ၏ ။

အမိုးအောက်သို့ ရေစိုမခံနိုင်သော ရိက္ခာပစ္စည်းများကို ရွှေ့ပြောင်းလေ၏ ။

ထို့နောက် တောင်နံရံကို အိမ်နောက်ဘက် အကာအဖြစ် ပြုလုပ်ကာ တဲတစ်လုံးထိုးလေ၏ ။

တဲအတွင်း ကျွန်ုပ်၏ အိပ်စက်ရန် ကြိုးပုခက်ကို ဆင်ထားလေ၏ ။

ထိုကြိုးပုခက်သည် မာလိန်မှူးကြီး ဦးဘသိုက်၏ ပစ္စည်းဖြစ်သဖြင့် ၎င်းကိုသတိရပြီး ဝမ်းနည်းကြေကွဲမိလေ၏ ။

ကျွန်ုပ်သည် တဲကလေးကိုကြည့်၍ စိတ်ကူးတစ်မျိုးပေါက်ပြီး တဲအနောက်ဘက် တောင်နံရံ ကို သံတူရွင်းဖြင့် တဖြည်းဖြည်း တူးလေရာ မကြာမီ လိုဏ်ဂူသဖွယ် အခန်းငယ်လေး တစ်ခန်း ရရှိ လေ၏ ။

ထိုအခန်းငယ်လေးသည် ကျွန်ုပ်၏ တဲအတွင်း၌ အလုံခြုံဆုံးနေရာဖြစ်၏ ။

ကျွန်ုပ်သည် သင်္ဘောပေါ်မှ ရရှိသော ယမ်းမှုန့်များကို အဖိုးတန်မှန်းသိသဖြင့် သားရေအိတ် များဖြင့် အထုပ်ငယ်များထုပ်ကာ ဂူနံရံရှိ အပေါက်များ၌ ထည့်သွင်းထားလေ၏ ။

ဤသို့ဖြင့် လူသူကင်းမဲ့သော ကျွန်းတစ်ကျွန်း၌ ကျွန်ုပ်ဘဝကို ရပ်တည်နိုင်အောင် အစွမ်းကုန် ကြိုးစားရလေ၏ ။

***

တစ်နေ့တွင် ကျွန့်ပ်သည် ကျွန်းပေါ်၌ ဆိတ်အုပ်ကြီးတစ်အုပ်ကို စတင်တွေ့ရှိလေ၏ ။

ကျွန်းပေါ်သို့ ကျွန့်ပ်ရောက်ရှိပြီး ပထမဆုံးတွေ့ရသော တိရစ္ဆာန်များပင် ဖြစ်၏ ။

ကျွန်းပေါ်၌ ဆိတ်များရှိနေသဖြင့် တစ်ချိန်က ကျွန်း၌ လူများနေထိုင်လေသလားဟု တွေးမိလေ၏

ကျွန်းပေါ်၌ လူသားစား လူရိုင်းများ ရှိနေသလော။

ကျွန့်ပ်သည် ဆိတ်အုတ်ထဲမှ ဆိတ်ကြီးတစ်ကောင်ကို ပစ်၍ ကျွန့်ပ်၏ ခံတပ်ရှိရာသို့ ထမ်းလာခဲ့၏ ။

ခံတပ်သို့ရောက်သောအခါ ဆိတ်ကြီးကို ဖက်၍ အသားအနည်းငယ်ကို ချက်ပြုတ်လေ၏ ။

ကျန်အသားများကို ရက်ရှည်လများ စားသောက်ရန် အခြောက်လှမ်းထားလေ၏ ။

ဆိတ်တစ်ကောင်သည် ကျွန့်ပ်အတွက် ရက်ပေါင်းများစွာ စားသောက်ရန် ရိက္ခာအဖြစ် ဖူလုံသွားလေ၏ ။

ကျွန့်ပ်၌ ရှိသော ရိက္ခာများအနက် ဆန်ကိုအဓိကထား၍ ချွေတာစားသောက်ရလေ၏ ။

ကျွန့်ပ်သည် ကျွန်းပေါ်သို့ရောက်ရှိပြီး ဆယ်ရက်ကျော်သောအခါ

ကျွန်းပေါ်သို့ ရောက်ရှိသောနေ့ကို ပြန်လည်စဉ်းစားလေ၏။

ထိုအခါ ကျွန်ုပ် ကျွန်းပေါ်ရောက်ရှိသောနေ့သည် ဇွန်လ (၁၉)ရက်နေ့ဖြစ်ကြောင်း သိရလေ၏။

ထို့နောက် ကျွန်ုပ် ကျွန်းပေါ်သို့ ယူဆောင်လာသော လှေနံရံပျဉ်ပြားချပ်ကြီးကို ခြံအရှေ့၌ ဆိုင်းဘုတ်ကဲ့သို့ စိုက်ထူလိုက်ပြီး ...

**ဤကျွန်းကလေးပေါ်သို့ ၁၉၂၅-ခုနှစ်**

**ဇွန်လ (၁၉)ရက်နေ့တွင် သေကံမရောက်**

**သက်မပျောက်ဘဲ ရောက်ရှိခဲ့လေ၏။**

ဟု ရေးထိုးခဲ့လေ၏။ ကျွန်ုပ်သည် ထိုအချိန်မှစ၍ ပျဉ်ပြားပေါ်၌ ကျွန်ုပ်ရောက်ရှိသော နေ့ရက်များကို ဓားဖြင့်ထစ်၍ သေးငယ်သော အမှတ်အသားများကို ပြုလုပ်လေ၏။

ထိုအမှတ်အသားလေးများကို ရေတွက်ကြည့်လျှင် ကျွန်းပေါ်သို့ ကျွန်ုပ်ရောက်ရှိသော နေ့များကို တွက်ချက်နိုင်လေ၏။

ကျွန်ုပ်သည် သင်္ဘောပေါ်မှ ရရှိသော စာရွက်များနှင့် ခဲတံများကို သေချာစွာ သိမ်းဆည်းထားလေ၏။

ထိုပစ္စည်းများသည် ကျွန်ုပ်၏ ဖြစ်ရပ်များကို မှတ်တမ်းတင်ရာ၌ များစွာ အသုံးဝင်ခဲ့၏။

ကျွန်ုပ်သည် ကျွန်းပေါ်၌ ပျဉ်းရိုငြီးငွေ့သည့်အခါ တဲအိမ်အနောက်ရှိ လိုဏ်ခေါင်းလေးကို သံတူရွင်းတစ်လက်ဖြင့် ချဲ့ထွင်နေ၏။

ထိုလိုဏ်ခေါင်းလေးသည် ကျွန်ုပ်အတွက် များစွာ လုံခြုံစိတ်ချရလေ၏။

ကျွန်ုပ်၏ စားရေးသောက်ရေးအတွက် စားပွဲတစ်လုံး၊

ကုလားထိုင်တစ်လုံး လိုအပ်သည်ဟု တွေးမိ၏။

ကျွန်ုပ်သည် လက်သမားတစ်ယောက်မဟုတ်သဖြင့် စားပွဲကုလားထိုင် ပြုလုပ်ရန် လေ့လာနေရ၏။

ကျွန်ုပ်သည် ကျွန်းပေါ်ရောက်မှ လက်သမားပညာကို စတင်လေ့လာနေရသော အဖြစ်ကို တွေးပြီး တစ်ကိုယ်တည်း ဟားတိုက်ရယ်လာမိ၏။

ကျွန်ုပ်အဖြစ်သည် ယခုမှ ကျောက်ခေတ်သို့ ပြန်လည်ရောက်ရှိနေသကဲ့သို့ ဖြစ်၏။

ကျွန်ုပ်သည် စားပွဲကုလားထိုင်များ ပြုလုပ်ရန် သင်္ဘောပေါ်မှ ရရှိသော သစ်များကို အသုံးပြုလေ၏။

ထိုသစ်များ ကုန်သွားပါက ကျွန်းပေါ်ရှိ သစ်များကို အသုံးချရန် ကြိုတင်လေ့လာနေရ၏။

ကျွန်ုပ်သည် စားပွဲကုလားထိုင်များကို သာမက လိုဏ်ဂူနံရံများသို့ သပ်များရိုက်သွင်းပြီး စင်ငယ်လေးများ ပြုလုပ်ကာ ကျွန်ုပ်၏ သေနတ်နှင့် ကျည်ဆန်များကို တင်လေ၏။

ထို့ပြင် အခြားသော စင်ငယ်လေးများပြုလုပ်၍ လက်နက်ခဲယမ်းများကို တင်ဆောင်ထား လေ၏။

ထို့ကြောင့် ကျွန်ုပ်၏ လိုဏ်ဂူထဲရှိ အခန်းလေးသည် လက်နက်တိုက်လေးနှင့်ပင် တူနေလေ၏။

ကျွန်ုပ်သည် ကျွန်းပေါ်သို့ ရောက်ရှိပြီး မကြာခဏဆိုသလိုပင် ကျွန်း၏ အမြင့်ဆုံး၌ ရှိသော တောင်ကုန်းပေါ်သို့ တက်၍ ပင်လယ်ပြင်၌ သင်္ဘောတစ်စင်းတလေ တွေ့လိုတွေ့ငြား ရှာဖွေမိလေ၏။

သို့သော် ပင်လယ်ပြင်၌ မည်သည့်သင်္ဘောကိုမျှ မတွေ့ရချေ။

ကျွန်ုပ်သည် ကျွန်းပေါ်၌ နေထိုင်ရသော နေ့ရက်များမှ ငြီးငွေ့မှု ပြေပျောက်စေရန် နေ့စဉ်မှတ်တမ်းရေးရန် ကြံစည်လေ၏။

ထို့ကြောင့် ကျွန်ုပ် ရိုသေစွာ သိမ်းဆည်းထားသော စာရွက်လွှတ်များနှင့် ခဲတံကိုထုတ်ကာ နေ့စဉ်မှတ်တမ်းရေးလေ၏။

ကျွန်ုပ်၏ နေ့စဉ်မှတ်တမ်းအစ၌ ....

"၁၉၂၅-ခု၊ ဇွန်လ (၁၉)ရက်နေ့တွင် လူသူမနီးသော သမုဒ္ဒရာအလယ်မှ ကျွန်းကလေးသို့ ကျွန်ုပ် စတင်ရောက်ရှိခဲ့လေ၏။"

ကျွန်ုပ်သည် တစ်နေ့တာ ကျွန်းပေါ်တွင် လှုပ်ရှားရန်းကန်ခဲ့သမျှ ညနေစောင်း၌ ဒိုင်ယာရီရေးမှတ်နေမိ၏။

သို့သော် ညနေစောင်း၌ နေရောင်မရှိတော့သဖြင့် နေ့စဉ်မှတ်တမ်းရေးရန် ကျွန်ုပ်အတွက် အခက်အခဲဖြစ်ရ၏။

ကျွန်ုပ်သည် စာရေးရန် မီးအိမ်တစ်ခုရှိလျှင် ကောင်းမည်ဟုတွေးကာ မီးအိမ်တစ်ခု ရရှိရန် ကြံဆရလေတော့၏။

ထို့နောက်မီးအိမ်ပြုလုပ်ရန် အကြံရရှိသွားပြီး ကျွန်းတစ်နေရာရှိ စမ်းချောင်းသို့သွားကာ ရွှံ့စေးများကို ရယူလေ၏။

ထိုရွှံ့စေးများကို ဦးစွာ အလုံးတစ်ခုဖြစ်အောင်လုံးပြီး ကြိုးစားပမ်းစားဖြင့် ခွက်ကလေး တစ်ခုရအောင် ကြိုးပမ်းလေ၏။ ပြီးနောက် ခွက်ကို နေပူလှန်းပြီး မာအောင်ပြုလုပ်လေ၏။

ကျွန်ုပ်ပြုလုပ်သော ရွှံ့စေးခွက်ကလေး မာသွားလျှင် တိရစ္ဆာန်များမှ အဆီပြင်များကို မီးဖို ပေါ်တွင်တင်၍ ပူအောင်ပြုလုပ်လေ၏။ ထိုအခါ တိရစ္ဆာန်အဆီများမှ ဆီကိုရရှိပြီး ခွက်ထဲသို့ထည့်ကာ ကြိုးစငယ်လေးများကိုကျစ်၍

မီးစာအဖြစ် အသုံးပြုလေ၏ ။

ထိုအခါ ကျွန်ုပ်အတွက် ဒိုင်ယာရီရေးရန် မီးအိမ်ကို ရရှိလေ၏ ။

ကျွန်ုပ်သည် ဒိုင်ယာရီမှတ်တမ်းထဲ၌ ကျွန်ုပ် စပါးစိုက်သောအကြောင်းလည်း ပါရှိ၏ ။

တစ်နေ့သ၌ ကျွန်ုပ်သည် စပါးနှင့်ပြောင်းများကို အိတ်များနှင့်ထည့်ထားပြီး သုံး၍ ကုန်သော အိတ်ထဲသို့ အခြားသော ပစ္စည်းများထည့်ရန် အိတ်ထဲရှိ စပါးနှင့်ပြောင်းများကို စမ်းချောင်းအနီး၌ သွန်ချခဲ့၏

ထိုသို့သွန်ချပြီး များမကြာမီ ကျွန်ုပ်အလွန်အံ့သြသော ဖြစ်ရပ်ကို ကြုံရ၏ ။

ထိုဖြစ်ရပ်မှာ စမ်းချောင်းအနီး မြေကွက်လပ်၌ အပင်စိမ်းစိမ်းလေးများ ပေါက်နေလေ၏ ။

ကျွနိုပ်သည် ထိုမြင်ကွင်းကိုကြည့်၍ ဝမ်းသာအားရ အော်ဟစ်လိုက်၏ ။

"ဟား ဟား ဟား ... ငါစားမယ့် အစားအသောက်တွေကို ဒီနေ့ကစပြီး ငါကိုယ်တိုင် စိုက်ပျိုး လို့ရပြီဟေ့၊ ငါ ထမင်းမငတ်တော့ဘူး"

ကျွန်ုပ်သည် ကျွန်းပေါ်၌ နေထိုင်စဉ် သင်္ဘောပေါ်မှ ရရှိသော ဆန်အိတ်များကို အထူး ဂရုစိုက်ပြီး စားသောက်ရ၏ ။

ကျွန်းပေါ်၌ ကျွန်ုပ်အတွက် အရှားပါးဆုံးမှာ ဆန်ပင်ဖြစ်၏ ။ ထို့ကြောင့် ကျွန်ုပ်သည် ဆန်နှင့် ဂျုံကို ကိုယ်တိုင် စိုက်ပျိုးရန် စတင်ကြိုးစားခဲ့၏ ။

ကျွန်ုပ်သည် မိုးရွာပြီးစအချိန်လောက်တွင် စပါးစေ့နှင့် ဂျုံစေ့များကို မြေကွက်ထဲ၌ တစ်ဝက် စီခွဲပြီး မျိုးစေ့များချလိုက်။

သို့သော် ကျွန်ုပ်စိုက်ပျိုးပြီး မိုးမကျသဖြင့် မျိုးစေ့များ လုံးဝမပေါက်ဘဲ ဖြစ်နေလေ၏ ။

ကျွန်ုပ်သည် မြေခြောက်လွန်းသဖြင့် မျိုးစေ့များ မပေါက်ခြင်းဖြစ်မည်ဟု တွေးမိပြီး ကျန်ရှိသော မျိုးစေ့များကို စိုစွတ်သော မြေပေါ်တွင် ကြဲဖြန့်လိုက်၏။

ထို့နောက် မိုးများရွာသွန်းပြီးနောက် ကျွန်ုပ်၏ မျိုးစေ့များမှာ အစို့အညောက်ပေါက်ကာ အပင်ဖြစ်လာလေ၏။ ကျွန်ုပ်သည် လက်တွေ့စိုက်ပျိုးကြည့်ရင်း သီးနှံစိုက်ပျိုးခြင်းကို နားလည် လာပြီး တစ်နှစ်အတွင်း ပျိုးချိန်ရိတ်သိမ်းချိန် နှစ်ချိန်ရှိကြောင်း ရိပ်စားမိသွားလေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ကမ်းခြေမှ ကျွန်းအတွင်းသို့ နှစ်မိုင်ခန့်ဝင်ရောက်ပြီးနောက် စိမ်းလန်းစိုပြည်သော တောင်ကြားတစ်ခုထဲသို့ မျက်စိလည် လမ်းမှားပြီး ရောက်ရှိသွားလေ၏။

ထိုလျှိုကြီးအနီး၌ စိမ့်စိမ်းရေ တသွင်သွင်စီးဆင်းနေပြီး ဖရဲသီးများနှင့် သစ်ပင်ကြီးများပေါ်သို့ နွယ်တက်နေသော စပျစ်ပင်ကြီးများကို တွေ့ရလေ၏။ စပျစ်ခိုင်ကြီးများမှာ ကြီးမားလွန်းလှ၏။

ကျွန်ုပ်သည် စပျစ်သီးများကို ဝမ်းသာအားရ မြည်းစမ်းကြည့်လေရာ အလွန်ချိုမြိန်ပြီး အရည်ရွှမ်းနေကြောင်းတွေ့ရ၏။

အချို့နေရာများ၌ ရောက်သီးနှင့် လိမ္မော်သီးများကိုလည်း တွေ့ရလေ၏ ။

ထိုတောင်ကြားသည် ကျွန်းပေါ်တွင် ရောက်ရှိနေသော လူတစ်ယောက်အတွက် ပျော်စရာသုခဘုံပင်ဖြစ်လေတော့၏။ ကျွန်ုပ်သည် စပျစ်သီးများကို အခြောက်လှန်းကာ ပုံးထဲတွင် သိမ်းဆည်းထားလေ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် တောင်ကြားထဲသို့ မကြာခဏသွား၍ အသီးအနှံများကို ခူးဆွတ်လေ၏။

နောက်ပိုင်း၌ တောင်ကြားမှ မပြန်ချင်တော့သဖြင့် ထိုနေရာ၌

တဲတစ်လုံးကို ထပ်မံ တည်ဆောက်ရလေ၏ ။

ကျွန်ုပ်သည် ပျင်းရိသည့်အချိန်တိုင်း တောင်ကြားအိမ်ကလေးသို့ လာရောက်၍ အပန်းဖြေလေ့ ရှိ၏ ။

ထိုအိမ်ကလေး၌ ကျွန်ုပ်အမြဲနေထိုင်ရန် မဖြစ်နိုင်သေးချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် သည် ကမ်းစပ်ရှိ တောင်ကုန်းများပေါ်သို့တက်၍ အကူအညီပေးနိုင်မည့် သင်္ဘောကို မကြာခဏ စောင့်မျှော်ကြည့်ရှုရသောအလုပ် ရှိသေး၏ ။

ကျွန်ုပ်သည် ယနေ့အချိန်ထိ ပင်လယ်ပြင်၌ သင်္ဘောတစ်စီးတလေမျှ မတွေ့ရသဖြင့် ကျွန်း ပေါ်၌ တစ်သက်လုံး အရိုးထုပ်ရတော့မှာလားဟု တွေးကာ စိတ်ဓာတ်ကျသလို ဖြစ်မိ၏

မြို့ပေါ်၌ ကျန်ရစ်ခဲ့သော ဖခင်ကို မကြာခဏ သတိရ၏ ။

ဖခင်၏ စကားကို နားထောင်ပြီး မြို့ပေါ်၌ သာ ကုန်သည်အလုပ်ကို လုပ်ခဲ့လျှင် ကောင်းလေစွဟု နောင်တရမိ၏ ။

ဖခင်သည် ပင်လယ်ပြင်၌ မိမိသေဆုံးပြီထင်ကာ များစွာ ကြေကွဲဝမ်းနည်းရပေတော့မည်။

ကျွန်ုပ်သည် ထိုအကြောင်းများကို တွေးလျှင် စိတ်ဆင်းရဲလွန်းသဖြင့် အမြန်မေ့ပျောက် လိုက်ရလေ၏ ။

ကျွန်းပေါ်၌ စိတ်ဓာတ်ခွန်အား အပြည့်ဖြင့် ရင်ဆိုင်ရမည် မဟုတ်ပါလား။

***